# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၅/ ၂၀၂၃) ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၂၁) ရက်

| ၂၁ - ၁၂ - ၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၉၉.၉ |
| စင်္ကာပူဒေါ်လာ | ၁,၅၇၉.၁ |
| စတာလင်ပေါင် | ၂,၆၅၀.၉ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၆၆.၁ |
| တရုတ်ယွမ် | ၂၉၃.၈၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၉၇ |
| အိန္ဒိယရူပီး | ၂၅.၂၁၈ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၀.၉၄ |
| မလေးရှား ရင်းဂစ် | ၄၅၁.၂၇ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၈၂၄ |
| ထိုင်းဘတ် | ၆၀.၂၁၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၆၃၁၃ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

### ▪ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ

- ➢ ဒူးရင်းတင်သွင်းမှုသည် တရုတ်-ဗီယက်နမ်ကုန်သွယ်မှုကို မြှင့်တင်ပေးလျက်ရှိ
- ➢ အိန္ဒိယနိုင်ငံ၏ လယ်ယာထွက်ကုန်တင်ပို့မှုသည် စက်တင်ဘာလတွင် တန်ချိန် ၁၇.၉၃ သိန်း သာရရှိခဲ့ပြီး ပို့ကုန်ကျဆင်းခဲ့
- ➢ ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံမှ ပဲစဉ်းငုံ (ခွဲခြမ်း) တန်ချိန် ၄ သိန်းနှင့် မတ်ပဲ (ခွဲခြမ်း) တန်ချိန် ၁ သန်းအား အိန္ဒိယ ဝယ်ယူသွားမည်
- ➢ အိန္ဒိယနိုင်ငံတွင် ရာဘီ (ဆောင်းရာသီ) သီးနှံများ စိုက်ပျိုးမှု ယခင်နှစ်ကထက် ၅ ရာခိုင်နှုန်းကျဆင်း
- ➢ ရုရှားနိုင်ငံသို့ ကြက်ဥများ တင်ပို့ရန် တူကီယဲကုမ္ပဏီ ၂၁ ခုကို ရုရှားခွင့်ပြု
- ➢ ရုရှား၏ ရေထွက်ကုန်များ တင်ပို့မှုသည် ၁၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး တင်သွင်းမှုသည် ၁၀ ရာခိုင်နှုန်းတိုးတက်ခဲ့

### ▪ အထွေထွေသတင်းများ

- ➢ ရုရှားအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SME) ထံမှ ကန်ဒေါ်လာ ၈၃.၅ ဘီလီယံ အခွန်ရရှိခဲ့
- ➢ ရုရှားနိုင်ငံ၏ GDP သည် ၃.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သမ္မတပူတင်ပြောကြား
- ➢ ရုရှားတွင် အိန္ဒိယ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကန်ဒေါ်လာ ၁၄ ဘီလီယံရှိ

- အိန္ဒိယအစိုးရက အီသနောထုတ်လုပ်မှုအတွက် သကြားတန်ချိန် ၁.၇ သန်းကို ပြောင်းလဲအသုံးပြုရန် ခွင့်ပြုနိုင်
- ၂၀၂၃-၂၄ ခုနှစ် (၂၂) ကြိမ်မြောက် အိန္ဒိယအပြည်ပြည်ဆိုင်ရာ မီဂါကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံ ပါဝင်ပြသ
- ၂၀၂၃-၂၄ ခုနှစ် (၂၂) ကြိမ်မြောက် အိန္ဒိယ အပြည်ပြည်ဆိုင်ရာ မီဂါကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် မြန်မာကောင်စစ်ဝန်ချုပ်တက်ရောက်

## ဒူးရင်းတင်သွင်းမှုသည် တရုတ်-ဗီယက်နမ်ကုန်သွယ်မှုကို မြှင့်တင်ပေးလျက်ရှိ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Youyiguan ဂိတ်သည် ယခင်က ထိုင်းနိုင်ငံမှ ဒူးရင်းသီးများကို အဓိကတင်သွင်းခဲ့ပါသည်။ သို့သော် ဗီယက်နမ်မှ လတ်ဆတ်သော ဒူးရင်းသီးများသည် ပြီးခဲ့သည့်နှစ်တွင် တရုတ်နိုင်ငံသို့ ဈေးကွက်ဝင်ရောက်ခွင့်ရရှိပြီးနောက် ယခုအခါ ထိုင်းဒူးရင်းဈေးကွက်ကို အလျင်အမြန် အမီလိုက်လာကြောင်း သိရှိရပါသည်။

Pingxiang မြို့အခြေစိုက် သွင်းကုန်ထုတ်ကုန်ကုမ္ပဏီတစ်ခု၏ အထွေထွေမန်နေဂျာ Nong Liqing က အိမ်နီးချင်း ကွမ်တုန်းပြည်နယ်နှင့် တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲ့ကျန်းပြည်နယ်ရှိ ဝယ်သူများထံသို့ ဒူးရင်းသီးများကို ရောင်းချပေးလျက်ရှိကြောင်း၊ ယခုနှစ် ဒီဇင်ဘာလအထိ ဒူးရင်းသီးကွန်တိန်နာအလုံး (၁၆၀၀)ကျော် တင်သွင်းခဲ့ပြီး ထိုင်းနိုင်ငံမှ ဒူးရင်းသီးများအပြင် ဗီယက်နမ်နိုင်ငံမှ ဒူးရင်းသီးများကိုလည်း တင်သွင်းခဲ့သည်ဟု Nong က ဆက်လက်ပြောကြားခဲ့ပါသည်။

တရုတ်လူမျိုးများသည် အပူပိုင်းဒေသထွက် အသီးအနှံများကို အလွန်ကြိုက်နှစ်သက်ကြကြောင်း၊ ယခင်နှစ်က တရုတ်နိုင်ငံသည် ဒူးရင်းတန်ချိန်(၈၂၅,၀၀၀)တင်သွင်းခဲ့ကြောင်း၊ တရုတ်နိုင်ငံမှ တင်သွင်းသော သစ်သီးဝလံများအနက် ဒူးရင်းသီး တင်သွင်းမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ (၄.၀၃)ဘီလီယံအထိရောက်ရှိခဲ့ကြောင်း အကောက်ခွန်ဌာန၏ အချက်အလက်များအရ သိရှိရပါသည်။

ဒူးရင်းသီးထွက်ရှိချိန်ကြာမြင့်မှုနှင့် ဈေးနှုန်းသက်သာမှုတို့ကြောင့် နာမည်ကြီးသော ဗီယက်နမ်ဒူးရင်းသီးများသည် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP)အရ တရုတ်နိုင်ငံသို့ ယခင်နှစ်မှစတင်၍ ဈေးကွက်ဝင်ရောက်ခွင့်ရရှိခဲ့ပါသည်။ လက်ရှိတွင် တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ ဒူးရင်းသီး အဓိကတင်ပို့သည့်ဈေးကွက်ဖြစ်ကြောင်း သိရှိရပါသည်။

လွန်ခဲ့သည့်ဆယ်စုနှစ်များက အရှေ့တောင်အာရှနိုင်ငံများမှ ဒူးရင်းသီး၊ မင်းဂွတ်သီးနှင့် အုန်းသီးကဲ့သို့သော အသီးအနှံများသည် တရုတ်နိုင်ငံတွင် ရှားပါးသော်လည်း ယခုအခါ တရုတ်နိုင်ငံရှိ မြို့ကြီးများရှိ သစ်သီးအရောင်းဆိုင်များတွင် ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနေပြီဖြစ်သည်ဟု ကွမ်ရှီးအခြေစိုက်သစ်သီးကုမ္ပဏီတစ်ခု၏ ဥက္ကဋ္ဌ Wang Zhengbo က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၎င်း၏ ကုမ္ပဏီသည် ယခင်နှစ်က ဟက်တာ (၃၀၀၀)နီးပါးရှိသော ဗီယက်နမ်ဒူးရင်းခြံများနှင့် စာချုပ်များ ချုပ်ဆိုခဲ့ကြောင်း၊ တရုတ်ဈေးကွက်၏ ဝယ်လိုအားကို ဖြည့်ဆည်းပေးရန်အတွက် ဗီယက်နမ်ဒူးရင်းသီး ကွန်တိန်နာအလုံး (၃,၀၀၀) သို့မဟုတ် တန်ချိန် (၆၀,၀၀၀)ကျော် တင်သွင်းရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

Agribusiness & Trade

လက်ရှိတွင် Youyiguan ဂိတ်သည် တရုတ်နှင့် ဗီယက်နမ်အကြား နယ်စပ်ကုန်သွယ်ရေး အတွက် အဓိကအကျဆုံးကုန်းတွင်းဆိပ်ကမ်းဖြစ်လာကြောင်း၊ Youyiguan ဂိတ်ရှိ နယ်စပ် အဝင်/ အထွက် စစ်ဆေးရေးစခန်း၌ ယခုနှစ်အတွင်း ကုန်တင်/ကုန်ချပြုလုပ်သည့် ယာဉ်အစီးရေ (၄၀၀,၀၀၀) ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၁၂၂)ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရှိရပါသည်။

Youyiguan ဂိတ်သည် ဗီယက်နမ်၏ သစ်သီးဝလံတင်ပို့မှုအတွက် အကြီးဆုံး ကုန်းတွင်း ဆိပ်ကမ်းဖြစ်ပြီး ဒူးရင်းသီး၊ နဂါးမောက်သီး၊ ပိန်းနဲသီးနှင့် အခြားဗီယက်နမ်သစ်သီးဝလံများ တင်ဆောင်ထားသည့် ကုန်တင်ကားအစီးရေ (၃၀၀)နီးပါးကို နေ့စဉ်အကောက်ခွန်ရှင်းလင်းရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း Youyiguan ဂိတ်မှ အကောက်ခွန်မှူး Tang Shan က ပြောကြား ခဲ့ပါသည်။ မကြာမီ ဒူးရင်းသီးရာသီချိန်ကုန်ဆုံးတော့မည်ဖြစ်သော်လည်း ဗီယက်နမ် ဒူးရင်းသီး ကွန်တိန်နာအလုံး (၃၀)ကျော်ကို နယ်စပ်ဂိတ်မှတစ်ဆင့် နေ့စဉ်တင်သွင်းနေကြောင်း သိရှိရပါ သည်။

နန်နင်းအကောက်ခွန်ဌာန၏ အချက်အလက်များအရ ယခုနှစ် ဇန်နဝါရီလမှ အောက်တို ဘာလအထိ Youyiguan ဂိတ်မှတစ်ဆင့် ဗီယက်နမ်မှ တင်သွင်းသည့် ကုန်ပစ္စည်းတန်ဖိုးမှာ ယွမ် (၉၁.၄၄)ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၂.၈၅ ဘီလီယံခန့်)ရှိပြီး တစ်နှစ်ထက်တစ်နှစ် (၂၇၁.၈) ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ၎င်းတို့အနက် ဗီယက်နမ်မှ သစ်သီးဝလံတင်သွင်းမှုသည် ယွမ် (၁၁.၇၁)ဘီလီယံရှိပြီး (၆၃၇.၉)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ဒူးရင်းတင်သွင်းမှုတန်ဖိုး စုစုပေါင်း ယွမ် (၁၁.၁၉)ဘီလီယံရှိပြီး (၃,၀၈၄.၂)ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံမှ လယ်ယာထွက်ကုန်မျိုးစုံကို တရုတ်နိုင်ငံသို့ ဝင်ရောက်ခွင့်ပြုသကဲ့သို့ ကွမ်ရှီးဒေသမှ အရည်အသွေးမီသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ဗီယက်နမ်ဈေး ကွက်သို့ တင်ပို့ခြင်းကြောင့် တရုတ်နှင့် ဗီယက်နမ်နယ်စပ်ရှိ လယ်ယာထွက်ကုန်များ အပြန်အလှန် ကုန်သွယ်မှုသည် ဆက်လက်ကြီးထွားလာခဲ့ကြောင်း သိရှိရပါသည်။

Youyiguan ဂိတ်အပြင်၊ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ Hekou ဂိတ်သည်လည်း ယခုနှစ် ဧပြီလတွင် ဒူးရင်းသီးတင်သွင်းရန် ခွင့်ပြုပြီးကတည်းက တရုတ်နိုင်ငံတွင် ရေပန်းစားသော ဒူးရင်းသီး တင်သွင်းသည့် ဂိတ်တစ်ခုဖြစ်လာခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် ထိုင်းဒူးရင်းသီးများကို ရောင်းချခဲ့ပြီးနောက် ဒုတိယနှစ်ဝက်တွင် ဗီယက်နမ်ဒူးရင်းသီးများသည် ဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ဆိပ်ကမ်း၌ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ လွယ်ကူအဆင်ပြေခြင်းကလည်း ဗီယက်နမ် ဒူးရင်းသီး များကို ရွေးချယ်ရန် အဓိကကျသော အကြောင်းရင်းတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

လက်ရှိတွင် Hekou ဂိတ်တွင် နေ့စဉ်ပျမ်းမျှ ကားအစီးရေ (၇၀၀)ခန့် ဝင်/ထွက်လျက်ရှိပြီး အထူးသဖြင့် စိုက်ပျိုးရေးနှင့် ဆက်စပ်ထွက်ကုန်ပစ္စည်းများကို အကောက်ခွန်ရှင်းလင်းရေးအတွက် အစိမ်းရောင်လမ်းကြောင်းကို ဖွင့်ပေးထားပြီး အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ် ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်နေကြောင်း သိရှိရပါသည်။

Source: www.china.org.cn/china/Off_the_Wire/2023-12/11/content_116872073.htm

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

## အိန္ဒိယနိုင်ငံ၏ လယ်ယာထွက်ကုန်တင်ပို့မှုသည် စက်တင်ဘာလတွင် တန်ချိန် ၁၇.၉၃ သိန်း သာရရှိခဲ့ပြီး ပို့ကုန်ကျဆင်းခဲ့

စိုက်ပျိုးရေးနှင့် စားသောက်ကုန်ပစ္စည်းများ တင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ (APEDA)၏ အချက်အလက်များအရ အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်အပါအဝင် လယ်ယာထွက်ကုန်တင်ပို့မှုမှာ ယခုနှစ် ဩဂုတ်လ တင်ပို့နိုင်မှု တန်ချိန် ၂၇.၉၄ သိန်းနှင့် နှိုင်းယှဉ်ပါက စက်တင်ဘာလတွင် တန်ချိန် ၁၇.၉၃ သိန်းသာ တင်ပို့နိုင်ခဲ့သဖြင့် တင်ပို့မှု ကျဆင်းခဲ့ကြောင်း၊ ဧပြီလနှင့် မေလတို့တွင် လယ်ယာထွက်ကုန် တင်ပို့မှုမှာ ပျမ်းမျှတန်ချိန် ၃၃ သိန်းဝန်းကျင် ရှိခဲ့ကြောင်း၊ သို့ရာတွင် ဆန်ကွဲနှင့် ဘာစမာတီမဟုတ်သော ဆန်ဖြူအပါအဝင် ဆန်မျိုးစုံ တင်ပို့မှု အပေါ်ကန့်သတ်ချက်များကြောင့် လယ်ယာထွက်ကုန်များတင်ပို့မှုမှာ တန်ချိန် ၁၅ သိန်းနီးပါး ကျဆင်းခဲ့ကြောင်း သိရသည်။

လယ်ယာသုံးပစ္စည်းများ တင်ပို့မှုမှာ တန်ဖိုးအားဖြင့် ယခုဘဏ္ဍာနှစ် ဩဂုတ်လတွင် ရူပီး ၁၈၁,၂၈၀ သန်း ရရှိခဲ့ရာမှ စက်တင်ဘာလအတွင်း ရူပီး ၁၄,၁၅၃၀ သန်းအထိ ကျဆင်းခဲ့ကြောင်း၊ စက်တင်ဘာလအတွင်း တင်ပို့မှုအများစုမှာ ဘာစမာတီမဟုတ်သော ဆန်ဖြူ တန်ချိန် ၄.၂၅ သိန်း၊ ဘာစမာတီဆန် တန်ချိန် ၁.၂၁ သိန်း၊ ကြက်သွန်နီ တန်ချိန် ၁.၅၁ သိန်းနှင့် ကျွဲသား တန်ချိန် ၁.၂ သိန်းကျော် ရှိကြောင်း စာရင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ လယ်ယာထွက်ကုန်ပစ္စည်း စုစုပေါင်းတင်ပို့မှုမှာ တန်ချိန် ၁၇၂.၂၇ သိန်းရှိပြီး ပြည်တွင်း စားနပ်ရိက္ခာဖူလုံမှု ရှိစေရန်နှင့် စားသောက်ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်အတွက် ဘာစမာတီဆန်ကို အနိမ့်ဆုံး ပို့ကုန်ဈေးနှုန်း သတ်မှတ်ခြင်းနှင့် ဘာစမာတီမဟုတ်သည့် ဆန်ဖြူ အမျိုးအစားများအား တင်ပို့မှု ကန့်သတ်ပိတ်ပင်မှုတို့ကြောင့် ယခုနှစ်တွင် လယ်ယာထွက်ကုန်ပစ္စည်းအချို့ တင်ပို့မှုမှာ ထိခိုက်မှုများရှိခဲ့ကြောင်း တွေ့ရှိရသဖြင့် သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

Source: Agri–commodities exports decline to 17.93 Lakh tonnes in Sept: APEDA, The Economic Times,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

.......................................................................................................................

## ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံမှ ပဲစဉ်းငုံ (ခွဲခြမ်း) တန်ချိန် ၄ သိန်းနှင့် မတ်ပဲ (ခွဲခြမ်း) တန်ချိန် ၁ သန်းအား အိန္ဒိယဝယ်ယူသွားမည်

အိန္ဒိယနိုင်ငံသည် လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံမှ ပဲစဉ်းငုံ (ခွဲခြမ်း) တန်ချိန် ၄ သိန်းကိုလည်းကောင်း ဖေဖော်ဝါရီလတွင် မတ်ပဲ (ခွဲခြမ်း) တန်ချိန် ၁ သန်းကို လည်းကောင်း တင်သွင်းသွားမည်ဖြစ်ပြီး၊ ပြည်တွင်း၌ ၎င်းပဲအမျိုးအစားများ၏ ဈေးနှုန်းများမြင့်တက်လာမှုကို ထိန်းချုပ်နိုင်ရန် ယင်းသို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း အိန္ဒိယအစိုးရ တာဝန်ရှိသူတစ်ဦးက Economic Times သတင်းစာသို့ ပြောကြားခဲ့သည်။

အိန္ဒိယအနေဖြင့် ပဲစိုက်ဧကများကျဆင်းပြီး၊ ယခင်နှစ်ကထက် ပဲမျိုးစုံထုတ်လုပ်မှု ကျဆင်း ဖွယ်ရှိကြောင်း ခန့်မှန်းထားသည့်အတွက် ယခုအခါတွင် ပဲများကို ပြည်ပမှတင်သွင်း လျက်ရှိသည်။ ယခုနှစ် ဇန်နဝါရီလတွင် အဆိုပါပဲများကို သိုလှောင်၍ ဈေးတင်ရောင်းချခြင်းမှ ကာကွယ်ရန်နှင့် စားသုံးသူများ ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ အစိုးရက ပဲလက်ကျန် သိုလှောင်ထားရှိမှု ပမာဏကို ကန့်သတ်ထိန်းချုပ်ခဲ့သည်။ အဆိုပါကန့်သတ်ချက်သည် အောက်တို ဘာလ ၃၀ ရက်နေ့တွင် သက်တမ်းကုန်ဆုံးသွားသည့်အတွက် ဒီဇင်ဘာလကုန်အထိ ထပ်မံ၍ သက် တမ်းတိုးမြှင့်ခဲ့သည်။

ယခုလ (၅) ရက်နေ့က မတ်ပဲ၏ အိန္ဒိယနိုင်ငံတစ်ဝှမ်းလုံး ပျှမ်းမျှလက်လီဈေးမှာ ၁ ကွင် တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၁၁၁၉၈.၀၉ ရှိပြီး၊ ယခင်နှစ်က ရူပီး ၉၆၂၇.၄၈ သာရှိခဲ့ကြောင်း အစိုးရ အချက်အလက်များအရသိရသည်။ ပဲမျိုးစုံ လက်လီဈေးဖေါင်းပွမှုသည် အောက်တိုဘာလ တွင် ၁၈ ဒသမ ၇၉ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပြီး၊ အဓိကအားဖြင့် ပဲစဉ်းငုံ (၄၀.၉၄%)၊ ကုလားပဲ (၁၁.၁၆%) နှင့် ပဲတီစိမ်း (၁၂.၇၅%) တို့က ဈေးဖေါင်းပွမှု အမြင့်ဆုံးပဲများ ဖြစ်ကြောင်း သိရသည်။ ပဲစဉ်းငုံဈေးဖေါင်းပွမှုနှုန်းသည် စက်တင်ဘာလကထက် ၃၇ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ အစိုးရအနေဖြင့် မတ်လအတွင်းက ပဲစဉ်းငုံအပေါ် သွင်းကုန်ခွန်ဖယ်ရှားခဲ့ပြီး အာဖရိက နှင့် မြန်မာနိုင်ငံတို့မှ တိုးမြှင့်တင်သွင်းခဲ့သည့်ကြားက ယင်းကဲ့သို့ ဈေးနှုန်းများမြင့် တက်နေခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခြေအနေအား ပိုမိုဆိုးရွားစေသည့်အချက်မှာ ခါရစ်(မိုးရာသီ)တွင် ပဲစဉ်းငုံစိုက်ကေများ ကျဆင်းပြီး ထုတ်လုပ်မှုကျဆင်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အပြန်အလှန်အားဖြင့် လွန်ခဲ့သောလအနည်းငယ်က စားနပ်ရိက္ခာဈေးနှုန်းများကို မြင့်တက်စေခဲ့သည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်က ပဲစဉ်းငုံစိုက်ဧရိယာ ဟက်တာ ၄ ဒသမ ၆၁ သန်းရှိခဲ့ပြီး၊ ၂၀၂၃ ခုနှစ် ကာလတူတွင် ဟက်တာ ၄ ဒသမ ၃၉ သန်းသို့ကျဆင်းခဲ့ကြောင်း အစိုးရ အချက်အလက်များက ဖော်ပြထားသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၄ ခုနှစ် ခရစ်ရာသီ သီးနှံအထွက် ပထမအကြိမ်ကြိုတင်ခန့်မှန်းချက်အရ ပဲစဉ်းငုံအထွက်ကို ယခင်နှစ်နှင့် အလားတူ တန်ချိန် ၃ ဒသမ ၄၂ သန်းထွက်ရှိမည်ဟု ခန့်မှန်းဖော်ပြထားသည်။ ယခုနှစ် မတ်ပဲစိုက်ကေမှာ ဟက်တာ ၃ ဒသမ ၀၇ သန်းရှိကာ ယခင်နှစ်က ဟက်တာ ၃ ဒသမ ၁၀ သန်းရှိခဲ့သည့်အတွက် ကျဆင်းခဲ့ကြောင်း တွေ့ရသည်။

ပဲစဉ်းငုံ (ခွဲခြမ်း) ကို အိန္ဒိယနိုင်ငံ ဒေသအစိတ်အပိုင်းအများအပြားတွင် စားသုံးကြသည့်အတွက် တစ်နှစ်လျှင် တန်ချိန် ၄၅ သိန်း (၄.၅ သန်း) လိုအပ်ကြောင်း အိန္ဒိယ ပဲမျိုးစုံနှင့် သီးနှံအသင်း ဥက္ကဋ္ဌ Bimal Kothari က ပြောကြားခဲ့သည်။ ယခုနှစ် နိုဝင်ဘာလတွင် ပဲစဉ်းငုံဈေးနှုန်း ၄၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့သည့်အတွက် ပဲမျိုးစုံဈေးဖေါင်းပွမှု ဆက်လက်အရှိန်မြင့်တက်နိုင်သည်ဟု ကျွမ်းကျင်သူများ က ထောက်ပြကြသည်။ ပဲစဉ်းငုံကို လက်လီဈေးကွက်တွင် ၁ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုဝယ်ယူကြကြောင်း သိရသည်။ လက်ကားဈေးကွက်တွင် ပဲစဉ်းငုံ (ခွဲခြမ်း) ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၈၇ မှ ၉၀ အတွင်းရှိသည်။

ပြည်ပမှ တင်သွင်းထားသော ပဲများဈေးကွက်အတွင်းဝင်ရောက်လာပါက ယခုကဲ့သို့ ပဲဈေးနှုန်း ရုတ်တရက်မြင့်တက်ခြင်းမျိုး မရှိနိုင်တော့ဟု ခန့်မှန်းရကြောင်း၊ လာမည့်နှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံမှ တင်သွင်းထားသော ပဲစဉ်းငုံများသည် အိန္ဒိယသို့ရောက်ရှိလာမည် ဖြစ်ကြောင်း Kothari က ဖြည့်စွက်ပြောကြားခဲ့သည်။

ဘာရိုဒါဘဏ် (The Bank of Baroda) မှ ၂၀၂၃-၂၀၂၄ ခုနှစ် ခါရစ်သီးနှံများထွက်ရှိမှုကြိုတင်ခန့်မှန်းချက် အစီရင်ခံစာအရ မတ်ပဲ (ခွဲခြမ်း) ထုတ်လုပ်မှုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ကျဆင်းဖွယ်ရှိကြောင်းနှင့် ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၁ ဒသမ ၇၇ သန်းရှိပြီး၊ ယခုဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၅ သန်းမှ ၁ ဒသမ ၆ သန်းသာရှိမည်ဟု ၎င်းက ခန့်မှန်းထားသည်။

## သုံးသပ်တင်ပြချက်

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ ပဲမျိုးစုံအဓိက တင်သွင်းရာဈေးကွက်ဖြစ်ပြီး ပဲစဉ်းငုံနှင့် မတ်ပဲတို့ကို အများဆုံးဝယ်ယူတင်သွင်းလျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖေါ်ဝါရီလများတွင် အဆိုပါပဲများကို တန်ချိန် ၁ သန်းအထိ မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းသွားရန် ပြင်ဆင်လျက်ရှိ

Agribusiness & Trade

သည့် အပေါ် သိရှိပြီး၊ လိုအပ်သလို ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

**ရည်ညွှန်းချက်**။ The Economic Times သတင်းဌာန၊ "India to import tur, urad from Myanmar in January–February"

ကောင်းထွဋ်နွံအောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

.......................................................................................................................................

## အိန္ဒိယနိုင်ငံတွင် ရာဘီ (ဆောင်းရာသီ) သီးနှံများ စိုက်ပျိုးမှု ယခင်နှစ်ကထက် ၅ ရာခိုင်နှုန်းကျဆင်း

အိန္ဒိယနိုင်ငံတွင် ရာဘီ (ဆောင်းရာသီ) သီးနှံများ စိုက်ပျိုးမှုဧရိယာသည် လွန်ခဲ့သောနှစ်ကထက် ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့အထိ ဟက်တာ 434.66 သိန်းရှိပြီး ပုံမှန်စိုက်ပျိုးဧရိယာ၏ ၆၇ ရာခိုင်နှုန်းသာရှိကြောင်းနှင့် ယမန်နှစ်က ဟက်တာ 458.77 သိန်းရှိခဲ့သည့်အတွက် ၅ ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျုံစိုက်ဧရိယာမှာလည်း လွန်ခဲ့သောနှစ်က ဟက်တာ 197.14 သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ 187.88 သိန်းရှိသည့်အတွက် ၅ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ကြောင်း သိရသည်။ သို့သော် Uttar Pradesh ပြည်နယ်တွင် ဟက်တာ 2.19 သိန်းနှင့် Madhya Pradesh ပြည်နယ်တွင် ဟက်တာ 2.13 သိန်းတိုးမြင့်ခဲ့ပြီး၊ Rajasthan တွင် ဟက်တာ 4.60 သိန်း၊ Bihar တွင် ဟက်တာ 3.46 သိန်း၊ Gujarat တွင် ဟက်တာ 1.81 သိန်းနှင့် Haryana တွင် ဟက်တာ 0.81 သိန်း အသီးသီး ကျဆင်းခဲ့ကြောင်း သိရသည်။ Karnataka နှင့် Maharashtra ပြည်နယ်တို့တွင်လည်း ဂျုံစိုက်ဧကများ ကျဆင်းခဲ့ကြောင်း သိရသည်။

ဂျုံစိုက်ဧရိယာစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းတွင် အယ်နီညိုရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော ဂျုံမျိုးများကို စိုက်ပျိုးထားရှိသည့်အတွက် ၎င်းတို့အပေါ်မူတည်၍ သတ်မှတ်ထုတ်လုပ်မှု ရည်မှန်းချက် တန်ချိန် ၁၁၄ သန်းရရှိမည်ဟု မျှော်လင့်ကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဆောင်းရာသီ ပဲမျိုးစုံ စိုက်ပျိုးဧရိယာကိုကြည့်လျှင် ပဲနီလေးစိုက်ဧကများပြားပြီး စုစုပေါင်း ပဲစိုက်ဧရိယာမှာမူ ယမန်နှစ်က ဟက်တာ 119.37 သိန်းရှိပြီး၊ ယခုနှစ်တွင် ဟက်တာ 108.09 သိန်းရှိသည့်အတွက် ၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ အဓိက ဆောင်းပဲဖြစ်သည့် ကုလားပဲ စိုက်ဧရိယာမှာ လက်ရှိတွင် ဟက်တာ 75.09 သိန်းရှိပြီး၊ ယခင်နှစ်ကထက် ၁၂ ရာခိုင်နှုန်း ကျဆင်းကာ

ပဲနီလေးမှာ ဟက်တာ 14.30 သိန်းရှိပြီး၊ ယခင်နှစ်ကထက် ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

အခြားနံ့စားသီးနှံများ စိုက်ပျိုးဧရိယာမှာ ယခင်နှစ်က ဟက်တာ 41.68 သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ 39.93 သိန်းသာရှိသည့်အတွက် ၄ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့သည်။ လူး/ဆတ်စိုက်ကေမှာ ယခင်က ဟက်တာ 18.21 သိန်းရှိပြီး၊ ယခု ဟက်တာ 16.74 သိန်းသာရှိ၍ ၈ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း၊ ပြောင်းစိုက်ကေမှာ ယခင်က ဟက်တာ 14.27 သိန်းရှိပြီး၊ ယခု ဟက်တာ 14.55 သိန်းရှိသည့်အတွက် ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ဘာလီမှာ ယခင်က ဟက်တာ 7.98 သိန်းရှိပြီး၊ ယခု ဟက်တာ 7.92 သိန်းရှိသည့်အတွက် ၁ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် မုန်ညှင်းစိုက်ပျိုးကေများပြားခဲ့သည့်အတွက် ဆီထွက်သီးနှံစိုက်ကေ အခြေအနေမှာ များစွာမဆိုးလှဟုဆိုသည်။ မုန်ညှင်းကို ပုံမှန်စိုက်ကေ ဟက်တာ 73.06 သိန်း ထက်ကျော်လွန်၍ ဟက်တာ ၈၄.၂၆ သိန်းသို့ တိုးချဲ့စိုက်ပျိုးခဲ့သည့်အတွက် ယမန်နှစ်က ဟက်တာ 83.71 သိန်းနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်တိုးမြင့်ခဲ့ကြောင်း သိရသည်။ ဆီထွက် သီးနှံစိုက်ပျိုးဧရိယာ စုစုပေါင်းသည် ဟက်တာ 89.49 သိန်းရှိပြီး၊ ယမန်နှစ်က 89.88 သိန်းရှိခဲ့သည့်အတွက် ကျဆင်းခဲ့ကြောင်း သိရသည်။ ၎င်းတွင် မြေပဲစိုက်ကေ 54,000 ဟက်တာပါဝင်သည်။ မြေပဲသည် နွေသီးနှံဖြစ်သော်လည်း Karnataka၊ Tamil Nadu၊ Telangana၊ Andhra Pradesh နှင့် Odisha ပြည်နယ်တို့၌ ဆောင်းရာသီတွင် ဟက်တာပေါင်း ၇ သိန်းခန့် စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

စပါးစိုက်ကေကို ကြည့်လျှင် ယခင်နှစ်က ဟက်တာ 10.70 သိန်းရှိပြီး၊ ယခုနှစ်တွင် ဟက်တာ 9.28 သို့ရောက်ရှိလျက်ရှိကာ၊ Tamil Nadu ပြည်နယ်တွင် အများဆုံး စိုက်ပျိုးကြောင်း သိရသည်။ ယခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှ ၃၀ ရက်အတွင်း Rajasthan၊ Karnataka၊ Andhra Pradesh ပြည်နယ် Rayalseema ဒေသ၊ Bihar ပြည်နယ် အနောက်မြောက်ပိုင်းနှင့် Karnataka အနီးရှိ Maharashtra ပြည်နယ် ဒေသအချို့၌ မြေဆီလွှာအစိုစွတ်မှာ လွန်ခဲ့သော ၈ နှစ်အတွင်း ပျှမ်းမျှရှိရမည့် အနေအထားထက် လျှော့နည်းခဲ့ကြောင်း သိရသည်။ သို့သော် Gujarat၊ Rajasthan၊ Madhya Pradesh နှင့် Maharashtra ပြည်နယ်များရှိ နေရာဒေသအချို့တွင် လွန်ခဲ့သော သီတင်းပတ်က မြေဆီလွှာ စိုစွတ်မှုအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်ခဲ့ကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံသည် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးမှု ဧရိယာမှာ လွန်ခဲ့သောနှစ်ကထက် ၅ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပါသည်။ ဂျုံကို ပြည်နယ်အချို့တွင် ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးခဲ့သော်လည်း ကျန်ပြည်နယ်အများအပြားတွင် စိုက်ပျိုးမှုကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ပဲမျိုးစုံကဏ္ဍတွင်

Agribusiness & Trade

ပဲနီလေးစိုက်ဧကတိုးတက်ခဲ့ပြီး၊ ကျန်ပဲအမျိုးမျိုး၏ စိုက်ပျိုးဧရိယာများ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ဆီထွက်သီးနှံကဏ္ဍတွင် မုန်ညင်းစိုက်ပျိုးဧရိယာများပြားပြီး၊ ကျန်ဆီထွက်သီးနှံများ စိုက်ပျိုးမှုကျဆင်းခဲ့ပါသည်။ စပါးစိုက်ဧကသည် ယခင်နှစ်ကထက် အနည်းငယ်သာ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ သို့ပါ၍ အိန္ဒိယနိုင်ငံ၏ ဆောင်းသီးနှံများ စိုက်ပျိုးမှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ကျဆင်းလျက်ရှိသည့်အခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

**ရည်ညွှန်းချက်**။ The Hindu Business Line သတင်းဌာန၊ “Sowing area of Rabi crops down 5% at 434.66 lakh hectares”

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

.......................................................................................................................................................

## ရုရှားနိုင်ငံသို့ ကြက်ဥများ တင်ပို့ရန် တူရကီယဲကုမ္ပဏီ ၂၁ ခုကို ရုရှားခွင့်ပြု

ရုရှားနိုင်ငံသို့ ကြက်ဥများ အပြည့်အဝထောက်ပံ့ပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ပြီး တင်ပို့မှုများ စတင်နေပြီဟု တူရကီယဲနိုင်ငံ ကြက်ဥထုတ်လုပ်သူများသမဂ္ဂ၏ အကြီးအကဲက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှုဌာန (Rosselkhoznadzor)သည် တူရကီယဲနိုင်ငံ၏ ကုမ္ပဏီ ၂၁ ခုကို ရုရှားသို့ ကြက်ဥများ တင်ပို့ရန် ခွင့်ပြုချက်ပေးထားပြီး ကုမ္ပဏီ ၃ ခုမှာ စတင်ပို့ဆောင်နေပြီဖြစ်သည်။

ရုရှားနိုင်ငံသို့ ကြက်ဥ ၁.၂ ဘီလီယံအား အကောက်ခွန်ကင်းလွတ်ခွင့်စနစ်ဖြင့် တင်သွင်းရန် အကောက်ခွန်နှင့် အခွန်စည်းကြပ်မှုဆိုင်ရာ ဆပ်ကော်မတီက အတည်ပြုခဲ့ကြောင်း၊ ၎င်းအစီအမံသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ သက်တမ်းရှိမည်ဖြစ်ကြောင်း ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက အစောပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။

၎င်းအစီအမံသည် ပြည်တွင်းဈေးကွက်ကို တည်ငြိမ်စေရန် ရည်ရွယ်ခြင်းဖြစ်ပြီး မိတ်ဖက်နိုင်ငံများမှ ကြက်ဥများကို တင်သွင်းနိုင်မည်ဖြစ်ကြောင်း၊ ထောက်ပံ့ရေးတိုးမြှင့်ရေးအတွက် ချစ်ကြည်ရင်းနှီးသောနိုင်ငံများနှင့် ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ အဇာဘိုင်ဂျန်နိုင်ငံမှ တင်ပို့မှုကို မျှော်လင့်ထားပြီး မကြာမီ တူရကီယဲနိုင်ငံမှလည်း တင်သွင်းလာမည်ဖြစ်ကြောင်း၊ လာမည့်လတွင် ကြက်ဥဈေးနှုန်းများ တည်ငြိမ်လာမည်ဟု ခန့်မှန်းထားကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၏ သတင်းစာရှင်းလင်းပွဲတွင် သတင်းထုတ်ပြန်ထားသည်။

ရုရှား Rosstat စာရင်းအင်းဌာန၏ ဒီဇင်ဘာလ ၄ ရက် သတင်းထုတ်ပြန်ချက်အရ ကြက်ဥဈေးနှုန်းသည် ၄၂.၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ အာဏာပိုင်များသည် ထုတ်လုပ်သူများကို ပံ့ပိုးကူညီရန်နှင့် ပြည်တွင်းဈေးကွက် တည်ငြိမ်စေရေး ထောက်ပံ့မှုတိုးမြင့်လာစေရန် ရည်ရွယ်သည့်အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်အတွင်း ကြက်ဥဈေးနှုန်းများ မြင့်တက်လာခြင်းသည် ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာခြင်းနှင့် စားသုံးသူဝယ်လိုအား တိုးလာခြင်းတို့ကြောင့်ဖြစ်ကြောင်း သုံးသပ်ထားပါသည်။

Source : https://ria.ru/20231213/yaytsa-1915472263.html

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကိုမြို့

..................................................................................................................

## ရုရှား၏ ရေထွက်ကုန်များ တင်ပို့မှုသည် ၁၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး တင်သွင်းမှုသည် ၁၀ ရာခိုင်နှုန်းတိုးတက်ခဲ့

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ၁၁ လတာကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရေထွက်ကုန်များ တင်ပို့မှုမှာ ၂၀၂၂ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၃ ရာခိုင်နှုန်း တိုးမြင့်လာပြီး ပမာဏတန်ချိန် ၂.၁ သန်းအထိ ရောက်ရှိခဲ့ကြောင်း၊ တင်သွင်းမှုပမာဏမှာ တန်ချိန် ၅၄၇,၀၀၀ ခန့်ရှိပြီး ယခင်နှစ် အလားတူ ကာလထက် ၁၀ ရာခိုင်နှုန်း ပိုများခဲ့ကြောင်း ရုရှားငါးလုပ်ငန်းဆိုင်ရာဖက်ဒရယ်အေဂျင်စီ(Russia's Federal Agency for Fishery)က သတင်းထုတ်ပြန်ခဲ့ပါသည်။

ရေထွက်ကုန်များအား ၁၁ လတာအတွက် ပြည်ပသို့ တန်ချိန် ၂.၁ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅.၂ ဘီလီယံထိ ရောက်ရှိခဲ့ကြောင်း၊ ပြည်တွင်း စားသုံးသူများ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ ပို့ကုန်များ တိုးလာခြင်းဖြစ်ပြီး ပြည်တွင်းဈေးကွက်သို့ ထောက်ပံ့ရေးမှာ ပကတိဦးစားပေးဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

ပြည်ပသို့ အဓိကတင်ပို့ခဲ့သည့် ရေထွက်ကုန်များမှာ အေးခဲထားသောငါးများ၊ ငါးအသားလွှာများနှင့် ပါးပါးလှီးဖြတ်ထားသော ငါးအသားများ၊ ပုစွန်များ၊ ခရုများနှင့် ရေနေသတ္တဝါများ ဖြစ်ပါသည်။

ယခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာလအထိ ရေထွက်ကုန်များ တင်သွင်းမှုပမာဏသည် တန်ချိန် ၅၄၇,၀၀၀ ခန့်ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂.၄ ဘီလီယံထိ ရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ်၊ ၁၀ လတာကာလအတွင်း ရုရှားနိုင်ငံသည် ရေထွက်ကုန်တန်ချိန် ၃.၈ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ယင်းပမာဏသည် ယခင်နှစ် အလားတူကာလထက် ၁၀ ရာခိုင်နှုန်း ပိုမို ထုတ်လုပ်နိုင်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Source : https://www.eastrussia.ru/news/eksport-rossiyskoy-rybnoy-produktsii-uvelichilsya-na-13/

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

## ရုရှားအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ(SME) ထံမှ ကန်ဒေါ်လာ ၈၃.၅ ဘီလီယံ အခွန်ရရှိခဲ့

ရုရှားအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SME)သည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာအထိ ၁၀ လတာ ကာလအတွင်း ရုရှားနိုင်ငံသို့ အခွန်ငွေ ရူဘယ် ၇.၇ ထရီလီယံ(ကန်ဒေါ်လာ ၈၃.၅ ဘီလီယံ) ထည့်ဝင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ကာလတူထက် ၂၄ ရာခိုင်နှုန်း ပိုမိုများပြားခဲ့ကြောင်း ရုရှားဖက်ဒရယ်အကောက်ခွန်ဝန်ဆောင်မှုဌာန (Federal Tax Service of Russia)၏ အကြီးအကဲဖြစ်သူ Mr. Daniil Yegorov က ပြောကြားခဲ့ပါသည်။

ဖက်ဒရယ်အကောက်ခွန်ဝန်ဆောင်မှုဌာန အကြီးအကဲ၏ ပြောဆိုမှုအရ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအထိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(SME)ပေါင်း ၆.၂ သန်းကျော် ရှိခဲ့ပြီး ယခင်နှစ်ထက် ၅.၆ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

Source : https://nalogika.media/articles/news/daniil_egorov_obshchiy_obyem_nalogovykh_postupleniy_ot_msp_za_10_mesyatsev_vyros_na_24_/

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

## ရုရှားနိုင်ငံ၏ GDP သည် ၃.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သမ္မတပူတင် ပြောကြား

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP) တိုးတက်မှုသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာကာလအတွင်း ၃.၂ ရာခိုင်နှုန်း တိုးလာခဲ့ပြီး အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုမတိုင်မီကထက် ပိုမိုများပြား နေပြီဖြစ်ကြောင်း၊

တစ်ချိန်တည်းမှာပင် ယခုနှစ်ကုန်တွင် GDP သည် အနည်းဆုံး ၃.၅ ရာခိုင်နှုန်း တိုးလာမည်ဟု မျှော်လင့်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က VTB ဖိုရမ်တွင် ပြောကြားခဲ့ပါသည်။

ရုရှားသည် ဥရောပတွင် အကြီးဆုံးစီးပွားရေးဖြစ်ပြီး တိုးတက်မှုနှုန်းအရ ယခုအခါ ဥရောပသမဂ္ဂ(EU)၏ ထိပ်တန်းနိုင်ငံအားလုံးထက် ကျော်လွန်နေပြီဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို မည်သူမျှ ရပ်တန့်ခြင်း၊ နှောင့်နှေးခြင်း မပြုလုပ်နိုင်ကြောင်း၊ စားသုံးသူဈေးကွက်တွင် ၎င်းတို့သည် ကန့်သတ်ထားသော ဝန်ဆောင်မှုများနှင့် တံဆိပ်များကို တဖြည်းဖြည်း စွန့်လွှတ်နေကြောင်း သမ္မတက ဖြည့်စွက်ပြောကြားသည်။

ရုရှား၏ စက်မှုလုပ်ငန်းသည် ပြင်ပဖိအားကို ကောင်းမွန်စွာတုံ့ပြန်လျက်ရှိကြောင်း၊ စီးပွားရေးတည်ငြိမ်မှု၏ နောက်ထပ်အချက်တစ်ချက်မှာ အလုပ်လက်မဲ့နှုန်း လျှော့ကျလာခြင်းဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် Mr. Mikhail Mishustin က အစောပိုင်းတွင် ပြောကြားခဲ့သည်။

Source : https://tass.ru/ekonomika/19480741

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

................................................................................................

## ရုရှားတွင် အိန္ဒိယ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကန်ဒေါ်လာ ၁၄ ဘီလီယံရှိ

ရုရှားနိုင်ငံတွင် အိန္ဒိယ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့်ရှိပြီး အိန္ဒိယတွင် ရုရှား၏ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံခန့်ရှိကြောင်း အိန္ဒိယရှိ ရုရှားကုန်သွယ်ရေးကိုယ်စားလှယ် Mr. Alexander Rybas က TASS သတင်းဌာနနှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

Mr. Alexander Rybas ၏ ပြောဆိုမှုအရ လက်ရှိအချိန်တွင် အိန္ဒိယစီးပွားရေး အသိုင်းအဝိုင်းများသည် ရုရှားရေနံနှင့် ဓာတ်ငွေ့ကဏ္ဍ၊ IT ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန် ပိုမိုစိတ်ဝင်စားပြီး သုတ်ဆေး(ဆိုးဆေး)နှင့် ထုပ်ပိုးရေးပစ္စည်းများ ထုတ်လုပ်ခြင်းအပါအဝင် ဓာတုဗေဒစက်မှုလုပ်ငန်းများရှိ စီမံကိန်းများတွင်လည်း ရင်းနှီးမြှုပ်နှံကြကြောင်း သိရှိရပါသည်။

ထို့အပြင် အိန္ဒိယရင်းနှီးမြှုပ်နှံသူများသည် စက်မှုလုပ်ငန်း(ထွန်စက်နှင့် စက်ယန္တရားထုတ်လုပ်မှု)၊ စားသောက်ကုန်လုပ်ငန်း(လက်ဖက်ရည်ထုတ်လုပ်ခြင်း)၊ လက်ဝတ်ရတနာလုပ်ငန်း (စိန်ပြုပြင်ခြင်း)၊ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ကိရိယာများ ထုတ်လုပ်ခြင်းစသည့် စီမံကိန်းများတွင်လည်း စိတ်ဝင်စားမှုရှိကြောင်း သိရှိရပါသည်။

Agribusiness & Trade

ရုရှားနှင့် အိန္ဒိယကြား ကုန်သွယ်မှုပမာဏသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ စံချိန်တင် အမေရိကန်ဒေါ်လာ ၄၈.၈ ဘီလီယံအထိ ရှိခဲ့ပါသည်။

Source : https://tass.ru/ekonomika/19512491

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

## အိန္ဒိယအစိုးရက အီသနောထုတ်လုပ်မှုအတွက် သကြားတန်ချိန် ၁.၇ သန်းကို ပြောင်းလဲအသုံးပြုရန် ခွင့်ပြုနိုင်

အိန္ဒိယအစိုးရက အီသနောထုတ်လုပ်ရန်အတွက် သကြားစက်များနှင့် ပေါင်းခံစက်ရုံများအား ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ကြံရည်နှင့် ဖျော်ရည်များအတွက် သကြားကို အသုံးမပြုရန် ညွှန်ကြားထားပြီး ရက်အနည်းငယ်အကြာတွင် သကြားတန်ချိန် ၁.၇ သန်းကို အီသနောထုတ်လုပ်ရန် အတွက် လွှဲပြောင်းခွင့်ပြုဖွယ်ရှိသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားထားကြောင်း The Economic Times သတင်းစာတွင်ဖော်ပြထားပါသည်။

အစားအသောက်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အီသနောထုတ်လုပ်မှုအတွက် သကြားတန်ချိန် ၁.၇ သန်းကို လွှဲပြောင်းခွင့်ပြုမည့် အကြောင်းကြားစာအသစ်ကို အစိုးရမှ ထုတ်ပြန်ရန်ရှိကြောင်း၊ အဆိုပါ အကြောင်းကြားစာတွင် ဖျော်ရည်နှင့် ဖျော်ရည်များမှ ထုတ်လုပ်နိုင်သည့် ပမာဏကို ဖော်ပြမည်ဖြစ်ကြောင်း ပြောကြားထားသည်။

အစိုးရက အီသနောထုတ်လုပ်ရန်အတွက် ဒီဇင်ဘာ ၇ ရက်တွင် သကြားစက်ရုံများနှင့် ပေါင်းခံစက်ရုံများကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ ကြံရည် သို့မဟုတ် သကြားရည်များ အသုံးပြုခြင်းကို ချက်ချင်းရပ်တန့်ရန် ညွှန်ကြားခဲ့ကြောင်း၊ သို့ရာတွင် တင်လဲရည်နှင့် အစားအသောက်အစေ့အဆန်ထုတ်လုပ်မှုများကို လစဉ်ပြန်လည် သုံးသပ်မှုအရ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရာသီဥတု မမှန်ခြင်းကြောင့်ကြံထုတ်လုပ်မှု ကျဆင်းခြင်းနှင့် ပြည်တွင်းဈေးကွက်တွင် သကြားဈေးနှုန်းများ မြင့်တက်ခြင်းတို့အပေါ် စိုးရိမ်မှုများကြောင့် အစိုးရက ယခုကဲ့သို့ ဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ပျမ်းမျှစားသုံးသူလက်ကားဈေးသည် ဒီဇင်ဘာ ၁၄ ရက်တွင် ၁၀၀ ကီလိုလျှင် ၄၁၄၀ ရူပီး ခန့် ဖြစ်ပြီး ယမန်နှစ် အလားတူကာလတွင် ဈေးနှုန်းမှာ ၁၀၀ ကီလိုလျှင် ၃၉၃၅ ရူပီး သာရှိခဲ့သည်ကို အစိုးရ၏အချက်အလက်များအရသိရသည်။ စားသောက်ကုန်ပစ္စည်းများ၏ဈေးနှုန်းကြီးမြင့်မှုသည် အောက်တိုဘာလက ၆.၆၁ ရာခိုင်နှုန်း သာရှိသော်လည်း

Agribusiness & Trade

နိုဝင်ဘာလတွင် ၈.၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သဖြင့် အစိုးရအနေဖြင့် ၂၀၂၄ အထွေထွေရွေး ကောက်ပွဲကာလတွင် မရှိမဖြစ်လိုအပ်သော အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်းများကို ထိန်း ချုပ်နိုင်ရန် အရေးကြီးသည်ဟု သုံးသပ်လျှက်ရှိသည်ကို တွေ့ရှိရသည်။

အောက်တိုဘာလတွင် ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှု အထွေထွေညွှန်ကြားမှုဦးစီးဌာန (DGFT) မှ သကြားတင်ပို့မှု ကန့်သတ်ချက်ကို ၂၀၂၃ ခုနှစ် အောက် တိုဘာလ ၃၁ ရက်နေ့နောက်ပိုင်းတွင်ကာလ သတ်မှတ်ချက်မရှိ ကန့်သတ်ကာလအဖြစ် ပြင်ဆင်ခဲ့ ပါသည်။

အိန္ဒိယ သကြားစက်လုပ်ငန်းရှင်များအသင်းက အီသနောထုတ်လုပ်နိုင်ရန်အတွက် ကြံရည် အသုံးပြုမှုကို ရုတ်တရက် ပိတ်ပင်လိုက်ခြင်းသည် သကြားစက်များ၏ စွမ်းဆောင်ရည် အပေါ် ဆိုးရွားစွာ အကျိုးသက်ရောက်စေမည်ဖြစ်ပြီး အစိမ်းရောင်လောင်စာဆီအတွက် စက်ရုံများထူ ထောင်ရန် လွန်ခဲ့သည့်သုံးနှစ်အတွင်း ၎င်းတို့ရင်းနှီးမြုပ်နှံထားသည့် ရူပီးသန်းပေါင်း တစ်သိန်း ငါးသောင်းခန့်မှာ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်းနှင့် ကြံစိုက်တောင်သူများကို ငွေပေး ချေရာတွင် ကြန့်ကြာမှုများရှိလာနိုင်သဖြင့် စိုးရိမ်မှုများရှိနေကြကြောင်း သိရသည်။

အိန္ဒိယနိုင်ငံရှိ မဟာရက်ရှ်ထရာနှင့် ကာနာတာကာ ပြည်နယ်တို့ကဲ့သို့သော အဓိက ကြံထွက် သည့်ပြည်နယ်များတွင် မိုးရွာသွန်းမှုနည်းပါးခဲ့ပြီး ယခုနှစ်တွင် ၃ ရာခိုင်နှုန်းနှင့် ၁၈ ရာခိုင်နှုန်း အသီး သီးလျော့နည်းခဲ့ကြောင်း၊ မိုးရေလုံလောက်စွာ မရရှိခြင်းကြောင့် ကြံအထွက်နှုန်း နည်းပါးစေပြီး ရလဒ်အနေဖြင့် ၂၀၂၃-၂၀၂၄ ရာသီချိန် အောက်တိုဘာ ၂၀၂၃ မှ စက်တင်ဘာလ ၂၀၂၄ ခုနှစ် အတွင်း) တွင် ကြံထုတ်လုပ်မှု ၉ ရာခိုင်နှုန်း ကျဆင်းမည်ဟု မျှော်လင့်ထားကြောင်း CRISIL အစီရင် ခံစာတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံမှ ပြည်တွင်းလောင်စာဆီ လိုအပ်ချက်အတွက် ပြည်ပမှ တင်သွင်းနေရမှုအပေါ် မှီခိုနေရမှုအား လျှော့ချနိုင်ရေးအတွက် ကြံမှ အီသနော လောင်စာဆီ ထုတ်လုပ်နိုင်ရေးကို ကြိုးပမ်း ဆောင်ရွက်လျှက်ရှိပါသည်။ ယခုနှစ်များတွင် အီသနောလောင်စာဆီ ထုတ်လုပ်မှုကို ပိုမိုတွန်းအား ပေးဆောင်ရွက်လာသည့်အပြင် ရာသီဥတုဖောက်ပြန်မှုများကြောင့် သကြားအထွက်နှုန်းလျော့နည်း သည့်အတွက် ပြည်ပသို့တင်ပို့မှုကို ကန့်သတ်ထားသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုသို့ အိန္ဒိယ နိုင်ငံမှ နိုင်ငံတကာသို့ သကြားတင်ပို့မှု ကန့်သတ်ခြင်းသည် နိုင်ငံတကာဈေးကွက်အပေါ် သက် ရောက်မှုများရှိသကဲ့သို့ ဒေသတွင်းသကြားထုတ်လုပ်သည့် နိုင်ငံများအတွက်လည်း ဈေးကွက်အခွင့် အလမ်းများ ရရှိလာနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှသကြားထုတ်လုပ်သူများအတွက် လည်း ဈေးကွက်အခြေအနေအား မျက်ခြေမပြတ် လေ့လာစောင့်ကြည့်၍ အခွင့်အလမ်းများကို ထိရောက်စွာ ရှာဖွေဆောင်ရွက်သင့်ပါကြောင်းနှင့် မြန်မာနိုင်ငံသည်လည်း လောင်စာဆီကို ပြည်ပမှ

Agribusiness & Trade

မိခိုနေရသည့်အတွက် အိန္ဒိယနိုင်ငံ၏ လောင်စာဆီ အစားထိုးနိုင်ရေးအတွက် ကြံမှ အီသနောထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် ဖြစ်နိုင်ဖွယ်ရာအခြေ အနေများအား လေ့လာစောင့်ကြည့်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

Source : Government to allow diversion of 1.7 million tonnes of sugar for ethanol production, Economic Times,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

........................................................................................................

## ၂၀၂၃-၂၄ ခုနှစ် (၂၂) ကြိမ်မြောက် အိန္ဒိယ အပြည်ပြည်ဆိုင်ရာမီဂါကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံ ပါဝင်ပြသ

"၂၀၂၃-၂၄ ခုနှစ်၊ (၂၂) ကြိမ်မြောက် အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ မီဂါကုန်စည်ပြပွဲ" (INDIA INTERNATIONAL MEGA TRADE FAIR (IIMTF) 2023 – 24) ကို အိန္ဒိယနိုင်ငံ၊ ဘင်္ဂလား ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် G.S. Marketing Associates တို့မှ ပူးပေါင်းစီစဉ်မှုဖြင့် သိပ္ပံမြို့တော် (Science City) ကော်လ်ကတ္တားမြို့တွင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ (၁၈) ရက်ကြာ ကျင်းပ ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံမှ ပါဝင်ပြသလျက်ရှိပါသည်။

အဆိုပါ မြန်မာနိုင်ငံပြခန်းအား စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့မှ ဦးဆောင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ ပင်လယ်ရပ်ခြား လယ်ယာထွက်ကုန် ကုန်သည်များအသင်း- မြန်မာ (Overseas Agro Traders Association- OATA Myanmar) တို့မှ ပံ့ပိုးကူညီမှုနှင့်အတူ ပါဝင်ပြသလျက်ရှိပါသည်။

အဆိုပါ ၂၀၂၃-၂၄ ခုနှစ် (၂၂) ကြိမ်မြောက် အိန္ဒိယ အပြည်ပြည်ဆိုင်ရာမီဂါကုန်စည်ပြပွဲသည် အိန္ဒိယနိုင်ငံ၏ အကြီးဆုံးအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲများအနက် တစ်ခုဖြစ်ပြီး နိုင်ငံပေါင်း (၁၇) နိုင်ငံနှင့် အိန္ဒိယနိုင်ငံ ပြည်နယ် (၂၂) ခုမှ ပြခန်းပေါင်း (၁၂၀၀) ခန့်ပါဝင်ပြသလျက်ရှိပါသည်။ ယခုနှစ်တွင် အာဖဂန်နစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က လုပ်ဖော်ကိုင်ဖက်နိုင်ငံများ (Partner Countries) အဖြစ်လည်းကောင်း၊ အီရန်နှင့် ထိုင်းနိုင်ငံတို့က အဓိကနိုင်ငံများ (Focus Countries) အဖြစ်လည်းကောင်း၊ ဩစတေးလျနှင့် မြန်မာနိုင်ငံတို့က အလေးပေးဖော်ပြသောနိုင်ငံများ (Highlighted Countries) အဖြစ်လည်းကောင်းသတ်မှတ်၍ ပါဝင်ပြသလျက်ရှိပါသည်။

အဆိုပါ မြန်မာပြခန်းတွင် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်း၊ သဘာဝရော်ဘာ၊ လက်ဖက် (အချိုခြောက်)၊ အသင့်ဖျော်လက်ဖက်ရည်၊ မြန်မာ့သနပ်ခါး ထုတ်ကုန် နမူနာများနှင့်အတူ ကုန်သွယ်မှု မြှင့်တင်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့အတွက် နံရံကပ်ဒီဇိုင်း ပိုစတာနှင့် ဓါတ်ပုံများပြသထားခြင်း၊ လက်ကမ်းကြော်ငြာများဝေငှပေးခြင်းစသည့် သတင်းအချက်အလက်များကို မျှဝေပေးလျက်ရှိရာ နေ့စဉ်စိတ်ဝင်တစ်စား လာရောက်ကြည့်ရှုသူနှင့် စုံစမ်းမေးမြန်းသူအရေအတွက် များပြားလျက်ရှိကြောင်း သိရှိရပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

..........................................................................................................

## ၂၀၂၃-၂၄ ခုနှစ် (၂၂) ကြိမ်မြောက် အိန္ဒိယ အပြည်ပြည်ဆိုင်ရာ မီဂါကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား သို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ်

၂၀၂၃-၂၄ ခုနှစ်၊ (၂၂) ကြိမ်မြောက် အိန္ဒိယ အပြည်ပြည်ဆိုင်ရာမီဂါကုန်စည်ပြပွဲ (22nd INDIA INTERNATIONAL MEGA TRADE FAIR (IIMTF) 2023 – 24) ၏ ဖွင့်ပွဲအခမ်းအနားကို ၁၆-၁၂-၂၀၂၃ ရက်၊ ဒေသစံတော်ချိန် ၁၆ ၀၀ နာရီတွင် ကော်လ်ကတ္တားမြို့၊ သိပ္ပံမြို့တော် (Science City) တွင် ကျင်းပပြုလုပ်ခဲ့ရာ ကောင်စစ်ဝန်ချုပ်၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး၊ ၎င်းနှင့်အတူ မြန်မာစီးပွားရေးသံမှူးလည်း လိုက်ပါတက်ရောက်ခဲ့ပါသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ အနောက်ဘင်္ဂလားပြည်နယ်အစိုးရ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ဝန်ကြီးဌာနဝန်ကြီး Dr Shashi Panja၊ Shri အနောက်ဘင်္ဂလားပြည်နယ်အစိုးရ မီးဘေးနှင့် အရေးပေါ်ဝန်ဆောင်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Sujit Bose၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုတိယမဟာမင်းကြီးရုံးမှ ဒုတိယမဟာမင်းကြီး Janab Andalib Elias၊ ဘင်္ဂလားကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ Mr. Gautam Ray၊ GS Marketing Associates ဥက္ကဋ္ဌ Mr Prakash Shah နှင့် အမှုဆောင်အရာရှိချုပ် Mrs Suparna Dasgupta တို့နှင့်အတူ အမျိုးသားဂုံလျှော်ဘုတ်အဖွဲ့(National Jute Board)၊ LIC၊ NSIC နှင့် လက်မှုပစ္စည်းများ ပို့ကုန်မြှင့်တင်ရေးကောင်စီ (Export Promotion Council of Handicrafts)တို့ မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ၂၀၂၃-၂၄ ခုနှစ် (၂၂) ကြိမ်မြောက် အိန္ဒိယ အပြည်ပြည်ဆိုင်ရာမီဂါကုန်စည်ပြပွဲသည် အိန္ဒိယနိုင်ငံ၏ အကြီးဆုံးအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲများအနက် တစ်ခုဖြစ်ပြီး ၂၀၂၃ ခုနှစ်၊

ဒီဇင်ဘာလ (၁၅) ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့အထိ (၁၈) ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ နိုင်ငံပေါင်း (၁၇) နိုင်ငံနှင့် အိန္ဒိယနိုင်ငံ ပြည်နယ် (၂၂) ခုမှ ပြခန်းပေါင်း (၁၂၀၀) ခန့်ပါဝင်ပြသလျက်ရှိပြီး၊ ယခုနှစ်တွင် အာဖဂန်နစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့က လုပ်ဖော်ကိုင်ဖက်နိုင်ငံများ (Partner Countries) အဖြစ်လည်းကောင်း၊ အီရန်နှင့် ထိုင်းနိုင်ငံတို့က အဓိကနိုင်ငံများ (Focus Countries) အဖြစ်လည်းကောင်း၊ ဩစတေးလျနှင့် မြန်မာနိုင်ငံတို့က အလေးပေးဖော်ပြသောနိုင်ငံများ (Highlighted Countries) အဖြစ် လည်းကောင်းသတ်မှတ်၍ ပါဝင်ပြသလျက်ရှိကြောင်း သိရှိရပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

..................................................................................................................

Agribusiness & Trade